# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်


e-NEWSLETTER

VOL.4, N0.12

December 2025


## အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း




နိုဝင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပသော အရှေ့တောင်အာရှ အမျိုးသား


စာ ၃




မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို သွားရောက်တွေ့ဆုံ


စာ ၄




မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခြင်း


စာ ၅




တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ


စာ ၇




မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် တောင်ငူအကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းနှင့် ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း


စာ ၉




ပြင်ပမှ ရွေးချယ်ခန့်ထားမည့် ဦးစီးအရာရှိ ပဏာမအောင်မြင်ထားသည့်သူများအား စိတ်ပညာစစ်ဆေးခြင်း ပြုလုပ်


https://mnhrc.org.mm/publication/e-Newsletter



လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ ပါဝင် တက်ရောက်ခဲ့ပါသည်။ ကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်း လိုက်ပါခဲ့ပါသည်။

ဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၈ ရက်နေ့တွင် “ဒစ်ဂျစ်တယ် နယ်ပယ်နှင့် စပ်လျဉ်းသည့် လူ့အခွင့်အရေးဆိုင်ရာ ဒေသတွင်း ညီလာခံ” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ၊ ကော်မရှင် အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ စုစုပေါင်း (၅၀) ဦးခန့် ပါဝင် တက်ရောက်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲ အကြောင်းအရာနှင့်စပ်လျဉ်း၍ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က “ဉာဏ်ရည်တုနှင့် အချက်အလက်များ ကာကွယ်ရေး အပါအဝင် နည်းပညာ ကုမ္ပဏီများ၏ ဆောင်ရွက်ချက်များတွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမှုများကို လက်တွေ့အသုံးချခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေး ပြောကြားခဲ့ပါသည်။

ဖိုရမ်၏ နှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာလ ၁၉-၂၀ ရက်နေ့တို့တွင် ကျင်းပရာ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များ စုစုပေါင်း (၃၀) ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ၂၀၂၅ ခုနှစ်အတွက် အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဥက္ကဋ္ဌဖြစ်သူ Ms. Anis Hidayah က အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် ဖိုရမ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး နောက်ပိုင်း ကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဦးစားပေး ကိစ္စရပ်တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိက တာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ဖိုရမ်၏ Rule of Procedures (RoP) ပြင်ဆင်ရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ဖိုရမ်၏ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် မီဒီယာဆက်သွယ်ရေး လမ်းညွှန်ချက်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

ဖိုရမ်၏နှစ်ပတ်လည်အစည်းအဝေးတွင် ကော်မရှင် အဖွဲ့ဝင်ဒေါက်တာသန်းမြင့်က ဖိုရမ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်း ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ် အမှတ် (၂) ဖြစ်သည့် “စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး” ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်းက ဆွေးနွေးခဲ့ပါသည်။

ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် ၂၀၂၆ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က မလေးရှား နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပြန်လည် ရောက်ရှိခဲ့ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို သွားရောက်တွေ့ဆုံ



နိုဝင်ဘာလ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို ၅-၁၁-၂၀၂၅ ရက်နေ့၊ ၁၄:၀၀ နာရီအချိန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် သွားရောက်တွေ့ဆုံ၍ နိုင်ငံတော် အကျိုးပြုလုပ်ငန်းနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပါသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မည့် အခြေအနေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများအား ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံပွဲကို ၁၄:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ ၂၀၂၅ ခုနှစ်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင် ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်

နိုဝင်ဘာလ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ဇနီး ဒေါ်ခင်မီမီဝင်း၊ ကော်မရှင်အဖွဲ့ဝင်များ၏ ဇနီးများသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် နေပြည်တော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ အခမ်းအနားနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။



"Human Rights are women's rights and women's rights
are human rights"

"လူ့အခွင့်အရေးဆိုသည်မှာ အမျိုးသမီးများ၏ အခွင့်အရေးဖြစ်ပြီး
အမျိုးသမီးများ၏ အခွင့်အရေးဆိုသည်မှာလည်း လူ့အခွင့်အရေးပင်ဖြစ်သည်"

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



နိုဝင်ဘာလ ၇ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၅) ကို ၇-၁၁-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အလှည့်ကျကော်မတီဝင်များဖြစ်ကြသည့် ကော်မရှင် အဖွဲ့ဝင် ဦးတင်အောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကိုနှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

## ပြင်ပမှ ရွေးချယ်ခန့်ထားမည့် ဦးစီးအရာရှိနှင့် ဒုတိယလူ့အခွင့်အရေးဦးစီးမှူးများ ရေး/ဖြေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ပြုလုပ်ခြင်း



နိုဝင်ဘာလ ၁၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ နေရာများနှင့် ဒုတိယ လူ့အခွင့်အရေးဦးစီးမှူးများ ပြင်ပမှခေါ်ယူခန့်ထားနိုင်ရေး အရည်အချင်း စစ်ဆေးခြင်းကို ကော်မရှင်ရုံး Conference Room တွင် ၁၀-၁၁-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန် ရေး/ဖြေ စာမေးပွဲဖြေဆိုခြင်း၊ ၁၂-၁၁-၂၀၂၅ ရက်နေ့တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်း ပြုလုပ်ဆောင်ရွက်ခဲ့ပြီး လူတွေ့ဖြေဆို အောင်မြင်သည့် သူများအား ကော်မရှင်ရုံး လုပ်ထုံးလုပ်နည်းများနှင့်အညီ ရာထူးတိုးခန့်အပ်နိုင်ရေး အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြဆောင်ရွက်မည် ဖြစ်ပါသည်။



## မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခြင်း



နိုဝင်ဘာလ ၂၅ ရက်

မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်၊ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယအသင်း (ခဝဲခြံမျက်မမြင်ကျောင်း) တို့မှ တာဝန်ရှိသူများ အပါအဝင်

စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။ တက်ရောက်လာသူများသည် မသန်စွမ်းမှုများ ဆန္ဒမဲပေးခွင့်အပါအဝင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



နိုဝင်ဘာလ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၂၅)ကို ၂၇-၁၁-၂၀၂၅ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက တင်ပြ ဆွေးနွေးခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ





နိုဝင်ဘာလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၃၀၊ ၁၃၁) တို့သို့ ၂၆-၁၁-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ ခြေလျင်တပ်ရင်းမှူးသင်တန်း (၁၃၀၊ ၁၃၁) တို့တွင် စုစုပေါင်း သင်တန်းသားအရာရှိ ၁၉၁ ဦး တက်ရောက်ခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ








နိုဝင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၁၃၊ ၁၁၄) တို့သို့ ၂၅-၁၁-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ ခြေလျင်တပ်ခွဲမှူး သင်တန်း (၁၁၃၊ ၁၁၄) တို့တွင် စုစုပေါင်းသင်တန်းသား အရာရှိ ၂၀၀ ဦး တက်ရောက်ခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ







နိုဝင်ဘာလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် နှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေး ကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၃၀) သို့ ၂၆-၁၁-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီ အချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ ခြေလျင်တပ်ခွဲမှူးသင်တန်း (၂၃၀) တွင် စုစုပေါင်း သင်တန်းသား အရာရှိ ၉၃ ဦး တက်ရောက်ခဲ့ကြပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် တောင်ငူအကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းနှင့် ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း





နိုဝင်ဘာလ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၆-၁၁-၂၀၂၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တောင်ငူအကျဉ်းထောင်၊ တောင်ငူမြို့မ ရဲစခန်းအချုပ်ခန်းနှင့် ကေတုမတီဘိုးဘွားရိပ်သာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် တောင်ငူအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများ ရရှိခြင်း ရှိ မရှိနှင့် စပ်လျဉ်းသည့် နေထိုင်စားသောက်မှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများ လာရောက်ဆေးကုသပေးမှု အခြေအနေ၊ ကျန်းမာရေးဟောပြောပွဲများ ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေပေးဝေမှု အခြေအနေနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့်တွေ့ဆုံခွင့်ပေးနိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ လက်ခံရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှုအခြေအနေ၊ ယုံကြည်ရာကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့် အခြေအနေ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှု အခြေအနေတို့ကို မေးမြန်းပြီး အကျဉ်းသား/အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ၊ ထောင်ဝင်စာ လာရောက်တွေ့ဆုံသည့် အကျဉ်းသားမိသားစုဝင်တို့ကို ထောင်ဝင်စာအခက်အခဲ ရှိ/ မရှိ၊ အကျဉ်းသားအတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှု ရှိ/ မရှိ စသည်တို့ကို မေးမြန်းပြီး သီးခြား လွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူ (၁၀) ဦးကို မေးမြန်းမှတ်တမ်းတင်ကာ ယခင်အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကိုလည်း လိုက်လံ စစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ယင်းနောက် ကေတုမတီဘိုးဘွားရိပ်သာအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွား အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ နိုင်ငံသားစိစစ်ရေးကတ် ရရှိအောင် ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှုနှင့် အသက် (၈၅) နှစ်ပြည့်ပြီးသော သက်ကြီးအဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ အဘိုး/ အဘွားများအားလုံး မဲပေးနိုင်ရေးစီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် တောင်ငူမြို့မရဲစခန်းအချုပ်ခန်းနှင့် အမှတ် (၂) နယ်မြေရဲစခန်းအချုပ်ခန်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိမရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှုနှင့် အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှု၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေ၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အချုပ်သားများ မဲပေးခွင့် ဆုံးရှုံးမှု မရှိစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့အား အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



နိုဝင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲအမှတ်စဉ် ( ၁၁/၂၀၂၅ ) အခမ်းအနားကို ၂၀-၁၁-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများတွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ( ၆၇ ) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၁:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း



နိုဝင်ဘာလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ၌ သင်ခန်းစာသွားရောက်ပို့ချ



နိုဝင်ဘာလ ၁၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်း စီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်လျက်ရှိသော စုံထောက် (အရာရှိ) သင်တန်း အမှတ်စဉ် (၁၉၈/၂၀၂၅) သို့ ၁၀-၁၁-၂၀၂၅ ရက်နေ့တွင် ၁၂:၃၀ နာရီမှ ၁၄:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေး အသိပညာပေး ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၈၂ ဦး၊ သင်တန်းသူ ၃၈ ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ ၁၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ပြင်ပမှ ရွေးချယ်ခန့်ထားမည့် ဦးစီးအရာရှိ ပဏာမအောင်မြင်ထားသည့်သူများအား စိတ်ပညာစစ်ဆေးခြင်းပြုလုပ်

နိုဝင်ဘာလ ၁၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ ပြင်ပမှခေါ်ယူခန့်ထားနိုင်ရေး အရည်အချင်းစစ်ဆေးခြင်း ပဏာမအောင်မြင်သည့်သူများကို ကော်မရှင်ရုံး Conference Room တွင် ၁၉-၁၁-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန် စိတ်ပညာ ရေး/ဖြေ ဖြေဆိုခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။



## မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မျက်မမြင်စာဖြင့် အထူးပြုလုပ်ထားသော မဲပေးစက်များဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနား တက်ရောက်ခြင်း



နိုဝင်ဘာလ ၁၃ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်း အစီအစဉ်ကို ၁၃-၁၁-၂၀၂၅ ရက်နေ့တွင် ပြင်ဦးလွင်မြို့ ပရဟိတ မျက်မမြင် ပညာသင်ကျောင်းတွင်လည်းကောင်း၊ ၂၁-၁၁-၂၀၂၅ ရက်နေ့တို့တွင် မိတ္ထီလာမြို့နယ်၊ ဘဝသစ် မျက်မမြင် ပညာသင်ကျောင်းနှင့်

ရှေ့ဆောင်မျက်မမြင် ပြုစုစောင့်ရှောက်ရေးဂေဟာ (ရှေ့ဆောင်မျက်မမြင်ကျောင်း) ၌ လည်းကောင်း ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး (မန္တလေး ရုံးခွဲ) မှ ရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးအောင်ကောင်းမြတ်နှင့် ဝန်ထမ်း (၁) ဦးတို့ တက်ရောက်ခဲ့ပါသည်။



## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများရောင်းချပေးခြင်း




နိုဝင်ဘာလ ၂၈ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂၅-၁၁-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီ တစ်ပိဿာလျှင် (၇,၇၆၅/-) ကျပ်နှုန်းဖြင့် (၂၀၆) ပိဿာ အားဝယ်ယူ၍လည်းကောင်း၊ ၂၈-၁၁-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၂၉) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၂၄၅၀၀/- ကျပ်နှုန်း၊ ဧည့်မထ (၅၅) အိတ် (၅) ပြည်ဝင်တစ်အိတ်လျှင် ၁၂၅၀၀/- ကျပ်နှုန်းဖြင့် လည်းကောင်း ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဖြန့်ဝေရောင်းချပေးခဲ့ပါသည်။

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း တိုင်ကြားချက် (၂၃) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားချက်များကို ကော်မရှင်စုံစမ်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၁) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့လည်းကောင်း၊ တိုင်ကြားချက် (၄) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး၊ တိုင်ကြားချက် (၁၂) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ တိုင်စာ အင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် တိုင်ကြား စာ (၆) စောင်ရှိပါသည်။

# နေ့ဝင်ချိန်တိုင်းကို လှပစွာ ဖြတ်ကျော်စေချင် (ဆောင်းပါး)

## ဒေါ်အေးမြတ်ဇော်

၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံ ဆုံးဖြတ်ချက် အမှတ် (၄၅/၁၀၆) ဖြင့် နှစ်စဉ် အောက်တိုဘာ လ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ဟု သတ်မှတ်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် (၄၆/၉၁) ဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူ (၅) ရပ်ကို ချမှတ်ပေးခဲ့ပြီး ၁၉၉၇ ခုနှစ် ဇူလိုင်လ (၂၁) ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၁၉၉၇/၁၈) ဖြင့် ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်ဟု သတ်မှတ်ပေးခဲ့သည်။ ကုလသမဂ္ဂက နှစ်စဉ်နှစ်တိုင်း . ဦးတည်ချက် ဆောင်ပုဒ်များ ချမှတ်ပေးလေ့ရှိရာ မြန်မာနိုင်ငံ အပါအဝင် အဖွဲ့ဝင်နိုင်ငံများစွာတို့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများ၊ အခမ်းအနားများကို ကျင်းပလျက်ရှိကြသည်။

မြန်မာနိုင်ငံသည်လည်း ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို နိုင်ငံတော်အဆင့် အခမ်းအနားတစ်ခုအဖြစ် သတ်မှတ်ကာ ၁၉၉၉ခုနှစ်မှစပြီး နှစ်စဉ်အောက်တိုဘာ လ ၁ ရက်နေ့ရောက်တိုင်း သက်ကြီးရွယ်အိုဘိုးဘွားများအား တက်ရောက်စေကာ အလှူငွေများ လှူဒါန်းခြင်း၊ ဆေးပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ ချီးမြှင့်ခြင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ အသက်အကြီးဆုံးဘိုးဘွားများအား ဂုဏ်ပြုချီးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အသက် ၆၀ နှစ်အထက် သက်ကြီးရွယ်အို ပါဝင်မှုရာခိုင်နှုန်းမှာ ၁၉၇၃ ခုနှစ်တွင် ၆ ရာခိုင်နှုန်းသာရှိခဲ့ပြီး စစ်တမ်းများအရ ၂၀၁၉ ခုနှစ်တွင် ၁၀ ရာနှုန်းကျော် တိုးတက်ပြောင်းလဲလာခဲ့သည်။ ခေတ်စနစ်များပြောင်းလဲလာသည်နှင့်အမျှ မျိုးဆက်သစ် သားသမီး မြေးမြစ်များက သက်ကြီးရွယ်အို မိဘဘိုးဘွားများအပေါ် တာဝန်ယူ စောင့်ရှောက်မှုများ ပေါ့လျော့ပျက်ယွင်းလာကြသည်။ ထို့ပြင် အမျိုးမျိုးသော ပစ်ပယ်ဆက်ဆံမှုများနှင့် တန်းတူညီမျှ မရှိမှုများက နေ့စဉ်လူမှုဘဝတွင် သက်ကြီးရွယ်အို ဘိုးဘွားတို့၏ ဂုဏ်သိက္ခာ၊ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့ကိုပါ ခြိမ်းခြောက်မှုများ ရှိလာသည်။ သက်ကြီးရွယ်အိုတို့၏ ခွဲခြား ဆက်ဆံခံရခြင်း၊ ပူးပေါင်းပါဝင်ခွင့်မရခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခွင့် ပြည့်ဝစွာ မရရှိခြင်း၊ သတင်းအချက်အလက်များ မရရှိခြင်း၊ တန်းတူညီမျှမှုများ မရှိခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် မရှိခြင်း စသည့် အခြေခံ လူ့အခွင့်အရေးများနှင့် ထိပါးစော်ကားခံရမှုများမှာ ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိနေသည်ကို ရတက်မအေးဖွယ် တွေ့မြင်ကြရမှာ ဖြစ်သည်။ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဦးတည်ဆောင်ပုဒ်ကို Fulfilling The Promises of The Universal Declaration of Human Rights For Older Persons: Across Generations ဟု သတ်မှတ်ခဲ့ပြီး ခေတ်အဆက်ဆက် သက်ကြီးရွယ်အိုများ ရရှိခံစားခွင့်ရှိသည့် အခြေခံအခွင့်အရေးများကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်း ဖြည့်ဆည်းပေးရန် တာဝန်ရှိမှုကို ဤဆောင်ပုဒ်ဖြင့် မီးမောင်းထိုးပြခဲ့သည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အိုတိုးပွားမှုနှုန်း မြင့်မားလာပြီး နိုင်ငံတစ်ဝန်းလုံး၌ သက်ကြီးရွယ်အို ဦးရေ ၄ ဒသမ ၅ သန်းခန့်ရှိလာပြီဖြစ်ရာ မြန်မာ့လူဦးရေ ၅၄ သန်းကျော်နှင့် တွက်ချက်လျှင် မြန်မာ ၁၂ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုစာရင်းဝင် ဖြစ်လာသည်။ ရှောင်လွှဲ၍မရနိုင်သော လူဦးရေအချိုးအစား ပြောင်းလဲမှုက သက်ကြီးရွယ်အိုများကို စိန်ခေါ်စပြုလာသည်။ ရှေးကကဲ့သို့ မျိုးဆက်တစ်ခုထက်မက လက်ရည်တစ်ပြင်တည်း နေထိုင်ကြသော မိသားစုများ နည်းပါးလာသည်။ "ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကိုသနား"ဟူသည့် မြန်မာဆိုရိုး စကားကို မျက်ကွယ်ပြုလာကြသည်။ စောင့်ထိန်းရမည့် မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်များ ယွင်းပျက်လာကြသည်။ "အစ်ကိုကြီးအဖအရာ၊ အစ်မကြီးအမိအရာ" ဆိုသည့်အတိုင်း ညီငယ်၊ ညီမငယ်တို့က အစ်ကိုကြီး၊ အစ်မကြီးတို့ကို မိဘသဖွယ်လေးစားကြရသကဲ့သို့ အစ်ကိုကြီး၊ အစ်မကြီးများကလည်း ညီငယ်၊ ညီမငယ်တို့ကို သားသမီးသဖွယ် ကာကွယ်စောင့်ရှောက်ကြရမည့် ဝတ္တရားများလည်း ပေါ့လျော့ လစ်ဟင်းမှုများ ရှိလာသည်။

မျက်မှောက်ခေတ်တွင် မျိုးဆက်သစ်လူငယ် လူရွယ်များသည် နိုင်ငံတကာ ဆက်စပ်ယှက်နွယ်

ပြောင်းလဲမှုဖြစ်စဉ်တွင် မလွဲမရှောင်သာ လိုက်ပါစီးမျောနေကြရသည်။ လူငယ်အချို့မှာ ယဉ်ကျေးမှု ကူးလူးယှက်နွယ်မှုတွင် အကောင်းကိုအတုမယူ၊ အဆိုးကိုအတုယူမှားခြင်းကြောင့် ခေတ်ရေစီးကြောင်းနှင့်လိုက်ပါခြင်းမဟုတ်ဘဲ ခေတ်ရေဆိုးမြောင်းအတွင်း လိမ့်ကျမျောပါလျက်ရှိကြသည်။ ထိုထိုသော လူငယ်လူရွယ်များအပေါ် အားထားယုံကြည်မှီခိုနေရသော ဘိုးဘွားမိဘ သက်ကြီးရွယ်အိုအချို့မှာ နှလုံးစိတ်ဝမ်းမချမ်းမြေ့ဖွယ်အဖြစ်ဆိုးများနှင့် ကြုံတွေ့နေကြရသည်။ အဆိုပါ ဝဲဩဃသံသရာအတွင်း၌ ယခုထက်ပို၍ မနစ်မွန်းစေရန်၊ ဝိုင်းဝန်းတည့်မတ်ပြုပြင်ပေးရန် အားလုံးတွင် တာဝန်ရှိပါသည်။ ယဉ်ကျေးလိမ္မာမျိုးမြန်မာတို့ များစွာထွက်ပေါ်လာမှသာလျှင် နိုင်ငံတော်၏ အနာဂတ်အရေး စိတ်အေးရမည်။

မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ မျက်မှောက်ခေတ်တိုင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်အဆက် လက်ဆင့်ကမ်းဆောင်ရွက်ခဲ့သော နိုင်ငံဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံလည်းဖြစ်၊ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံလည်းဖြစ်၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည့်အားလျော်စွာ ၁၉၉၉ ခုနှစ်နောက်ပိုင်းမှစ၍ မူဝါဒအသစ်များချမှတ်ဆောင်ရွက်ခဲ့သည်။၂၀၁၂ခုနှစ်မေလတွင် အာရှ-ပစိဖိတ်ဒေသ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာညီလာခံတစ်ရပ်ကို နေပြည်တော်၌ ကျင်းပခဲ့သည်။ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းကို ၂၀၁၄ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ သက်ကြီးရွယ်အိုများကို လူမှုရေးပင်စင်ပေးအပ်ရေးနှင့်သက်ကြီးသူချင်း ကူညီစောင့်ရှောက်အဖွဲ့များကို ထောက်ပံ့ရေးဟူသည့်လုပ်ငန်းများပါရှိသော မြန်မာနိုင်ငံလူမှု ကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း စတင်ချမှတ်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ အသက် (၁၀၀)နှင့်အထက် သက်ကြီးဝါကြီး ဘိုးဘွား ၁၁၇၉ ဦးကို ကျပ်နှစ်သိန်းစီ ထောက်ပံ့ခြင်းမှအစပြု၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များတွင် အသက်(၉၀) နှင့်အထက် ဘိုးဘွားများကို နှစ်စဉ်ထောက်ပံ့မှုများ ပြုနိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ လူမှုရေးပင်စင်အဖြစ်အသက်(၉၀)နှင့်အထက် သက်ကြီးရွယ်အိုတစ်ဦးလျှင် လစဉ်ကျပ်တစ်သောင်းနှုန်း ထောက်ပံ့ပေးခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ်အစ အောက်တိုဘာလမှစ၍ အသက်(၈၅)နှစ်သို့ ပြောင်းလဲ လျှော့ချကာဆက်လက်ထောက်ပံ့မှုပြုခဲ့ရာ ၂၀၂၃ခုနှစ်တွင် အကျိုးခံစားခွင့်ရရှိသူ ၂၃၂၇၀၃ ဦး ရှိပြီဟု သိရသည်။ အသက် (၆၀) ပြည့်သော်လည်း နိုင်ငံ့တာဝန်များကို ဆက်လက်ထမ်းဆောင်လိုသော သက်ကြီးရွယ်အိုများ ပင်စင်ယူရမည့်အသက်ကို ၂၀၂၁ ခုနှစ်မှစ၍ (၆၂)နှစ်အထိ တိုးမြှင့် သတ်မှတ်ပေးခြင်းကြောင့် သက်ကြီးရွယ်အိုများတွင်ကျန်ရှိနေသေးသော စွမ်းပကားကို ဖော်ထုတ် ပြသခွင့် ရရှိနေကြပြီဖြစ်သည်။

သက်ကြီးရွယ်အိုများ၏ ရင်တွင်းစကားကို စာနာဆပွား အလေးထားနိုင်ရန်ရည်ရွယ်၍ သက်ကြီးပုဂ္ဂိုလ်များ တွေ့ဆုံနှီးနှောခြင်းအလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ တက်ရောက်လာသော ဘိုးဘွားများက အုပ်စုများခွဲ၍ ဘိုးဘွားများနှင့်ပတ်သက်သည့် စောင့်ရှောက်မှုအစီအစဉ်များ၊ သက်ကြီးဖြစ်စဉ်နှင့် စိတ်ပိုင်းဆိုင်ရာဖြည့်ဆည်းပေးရမည့်အချက်များ၊ ဖြစ်ပွားတတ်သည့်ရောဂါများမှ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့်အချက်များ၊ ပုံမှန်ဝင်ငွေ၊ စားသောက်နေထိုင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့် စသည့်ခေါင်းစဉ်များကို ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့်အတူ ဆွေးနွေးခဲ့ကြသည်။ ဤကဲ့သို့သော ဆွေးနွေးပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို သိမြင်နားလည်ကာ ဆောင်ရွက်ဖွယ်ရာအဖြာဖြာတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပေသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအစီရင်ခံစာအရ ၁၆ ဒသမ ၈၉ သန်းမှာ အသက်(၁၅)နှစ်မှ (၃၄) နှစ်အရွယ်ရှိ မျိုးဆက်သစ်လူငယ်များ ဖြစ်ကြသည်။ နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်အင်အားရှိသော လုလင်ငယ်သွေးတို့က အားမာန်အပြည့်မွေး၍ နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်း တာဝန်ယူကြရတော့မည်ဖြစ်သည်။ အနာဂတ်

နိုင်ငံတော်နှင့် ဘိုးဘွားမိဘများက အားကိုးအားထား ပြုနိုင်လောက်အောင် အ သိ ဉာ ဏ် ပ ညာ ဗ ဟု သု တ များ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသည့် ဗလငါးတန် ပြည့်စုံရေးမှာ လွန်စွာ အရေးကြီးလှသည်။ သို့မှသာ သက်ကြီးရွယ်အိုများ၏ အခွင့်အရေး များ၊ မိဘဘိုးဘွားများအား စရိတ် ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက် ခြင်းနှင့် သားသမီးမြေးတို့၏ တာဝန် များကို ယနေ့ခေတ်လူငယ်များ ပိုမို သိမြင်နားလည် နိုင်ကြမည်ဖြစ်ပါ သည်။

အသက်အရွယ်ကြီးသောသူ တွေဟာ ပုံမှန်လူတွေထက် ရောဂါ တွေများလာတတ်ပြီး အသက်ကြီး လာတာနှင့်အမျှနှလုံးရောဂါ၊သွေးတိုး ရောဂါ၊ ဆီးချိုရောဂါစတဲ့ အခြားသော ရောဂါပေါင်းစုံကို ခံစားလာကြရတဲ့ သက်ကြီးရွယ်အိုတွေအတွက် ဘယ်လို ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးမလဲ ဆိုတာကိုလည်း စဉ်းစားပေးသင့်ပြီး အသက်ကြီးတဲ့လူအနေနဲ့ အသက်ရှင် နေတုန်းမှာလည်း ဂုဏ်ကျက်သရေရှိ ရှိနေရသင့်သလို ကွယ်လွန်တဲ့အခါမှာ လည်း ဂုဏ်သိက္ခာရှိရှိ သေဆုံးသင့် သည်။ များသောအားဖြင့် အသက် ၈၀နှင့် ၉၀ ကျော်အရွယ်တွေမှာ Nursing Home ကဲ့သို့သော Long-Term Servicesတွေ လိုအပ်လာသည်။ ဆေးရုံကနေ အိမ်ကို တိုက်ရိုက်ပြန် ဆင်းလို့မရတဲ့ အခြေအနေမျိုးမှာ လည်း ပြန်လည်ထူထောင်မှုတွေ အတွက် ပြန်လည်နာလန်ထဖို့နေရာ တွေ လိုအပ်ပြီး Self-Acute Care လို အိမ်မှာထားလို့မရတဲ့ အခြေအနေမျိုး၊ ဆေးရုံတင်ရတဲ့အဆင့် မဟုတ်တဲ့ အခြေအနေကြားထဲမှာဆိုရင် ဘယ်လို နေ ရာ မျိုး မှာ ထား ရ မ လဲ ဆို တဲ့ ဝန်ဆောင်မှုတွေ လိုအပ်လာသည်။ အခုနောက်ပိုင်းမှာဆိုရင် WHO ကမ္ဘာ့ ကျန်းမာရေး အဖွဲ့အစည်းကပင် သ က် ကြီး ရွ ယ် အို များ အ တွ က် Long-Term Care Services တွေ ထားရှိဖို့ နှိုးဆော်လျှက်ရှိပြီး ကမ္ဘာ့ နိုင်ငံ အသီးသီးမှာဆိုရင်လည်း ပြင်ဆင်မှုတွေ လုပ်နေတာကိုတွေ့ရ သည်။

သက်ကြီးရွယ်အိုတွေအတွက် Age-Friendly Environment တွေ လည်းလိုအပ်သည်။ဆေးရုံ/ဆေးခန်း တွေ သွားရောက်ပြသပြီဆိုလျှင် သက်ကြီးရွယ်အိုများအတွက် အကြာ ကြီး စောင့်ရတဲ့ အခြေအနေမျိုးဆိုရင် အဖိုးအဖွားတွေအတွက် အခက်အခဲ ဖြစ်နိုင်တာကြောင့် အမြန်ဆုံး ပြသလို့ ရနိုင်မည့်နေရာများကိုလည်း စီစဉ် ထားပေးဖို့လိုသည်။ သက်ကြီးရွယ်အို များအတွက် မျက်စိ၊ နား၊ သွားနှင့် အခြားသောအာရုံခံတာတွေကလည်း လွန်စွာအရေးကြီးသည်။ အချို့ သက်ကြီး ရွယ်အိုများကတော့ မျက်မှန်တစ် လက်လုပ်ထားပြီဆို နောက်(၁၀)နှစ် လောက်ထိ မစမ်းသပ် ဖြစ်တော့တာ တွေ၊ နားမကောင်းဘူးဆိုလျှင်လည်း နားကြားကိရိယာနှင့် အထောက်အကူ ပစ္စည်းတွေလိုအပ်ပြီး သက်ကြီးရွယ် အိုများအတွက် လွယ်လွယ်ကူကူနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင် တဲ့နေရာမျိုးတွေ ဖန်တီးပေးထားဖို့ လိုအပ်သည်။

ဘိုးဘွားမိဘများက ၎င်းတို့ ၏ ကလေးများကို ပန်းလိုစိုက်ပျိုး၊ ပိုး လိုမွေးမြူခဲ့ကြသည်။ ထိုက်သင့်သော ကလေးသူငယ်၊ လူငယ်အခွင့်အရေး များအားလုံးကိုလည်း အတတ်နိုင် ဆုံးဖြည့်ဆည်းပေးခဲ့ကြသည်။ သူတို့ ကြောင့်လည်း လူတစ်လုံးသူတစ်လုံး ဖြစ်လာရသည်။ ယခု မိမိတို့က ပြန်လည် ပေးဆပ်ရမည့်အလှည့်သို့ ရောက်ရှိလာပြီ။ မိမိတို့ကိုယ်တိုင်က ဘိုးဘွားမိဘ သက်ကြီးရွယ်အိုများ အပေါ် စာနာဆပွားအလေးထားမှ သာ မိမိတို့က မွေးဖွားလာသော မျိုးဆက်သစ် ကလေးများကလည်း အတုမြင်အတတ် သင်ဆိုသလို စံနမူနာယူကြမည်ဖြစ်သည်။သို့ဖြစ်၍ သက်ကြီးရွယ်အိုများ ရရှိခံစားအပ်သော အခွင့်အရေးများကို မျိုးဆက်တစ် ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်း ဖြည့်ဆည်းပေးခြင်းဖြင့် သာယာ ချမ်းမြေ့ဖွယ်သော မြန်မာ့လူ့ဘောင် ကို အလှဆင် ဖန်တီးပေးကြပါစို့ဟု တိုက်တွန်းရေးသားရင်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အား ဂုဏ်ပြု အပ်ပါသည်။

ရာဝဏ

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်း လှုပ်ရှားဆောင်ရွက်ချက်များ

နိုဝင်ဘာ ၅ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို သွားရောက်တွေ့ဆုံ၊

နိုဝင်ဘာ ၅ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ ၂၀၂၅ခုနှစ်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင် ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်၊

နိုဝင်ဘာ ၆ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် တောင်ငူအကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းနှင့် ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း၊

နိုဝင်ဘာ ၇ – ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း၊

နိုဝင်ဘာ ၁၀ – မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊  လေ့ကျင့်ရေးဌာနခွဲ၌ သင်ခန်းစာသွားရောက်ပို့ချ၊

နိုဝင်ဘာ ၁၂ – ပြင်ပမှ ရွေးချယ်ခန့်ထားမည့် ဦးစီးအရာရှိနှင့် ဒုတိယလူ့အခွင့်အရေးဦးစီးမှူးများ ရေး/ဖြေစစ်ဆေးခြင်းနှင့် လူတွေ့ စစ်ဆေးခြင်း ပြုလုပ်ခြင်း၊

နိုဝင်ဘာ ၁၃ – မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မျက်မမြင်စာဖြင့် အထူး ပြုလုပ်ထားသော မဲပေးစက်များဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနား တက်ရောက်ခြင်း၊

နိုဝင်ဘာ ၁၉ – ပြင်ပမှ ရွေးချယ်ခန့်ထားမည့် ဦးစီးအရာရှိ ပဏာမအောင်မြင်ထားသည့်သူများအား စိတ်ပညာစစ်ဆေးခြင်း ပြုလုပ်၊

နိုဝင်ဘာ ၂၀ – အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့်  ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း၊

နိုဝင်ဘာ ၂၀ – ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊

နိုဝင်ဘာ ၂၅ – မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခြင်း၊

နိုဝင်ဘာ ၂၅ – တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ၊

နိုဝင်ဘာ ၂၆ – တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ၊

နိုဝင်ဘာ ၂၆ – တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ၊

နိုဝင်ဘာ ၂၇ – ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊

နိုဝင်ဘာ ၂၈ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း၊

နိုဝင်ဘာ ၂၈ – ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများ ရောင်းချပေးခြင်း။

********

# ENGLISH SECTION

Vol. 4, No. 12, December 2025

## Participation of the Delegation Led by the Chairperson of the Myanmar National Human Rights Commission at the 22nd Annual Meeting and Related Events of the Southeast Asia National Human Rights Institutions Forum (SEANF)

November 20

The Chairperson of the Myanmar National Human Rights Commission (MNHRC), U Paw Lwin Sein, attended the 22nd Annual Meeting and related events of the Southeast Asia National Human Rights Institutions Forum (SEANF), held in Jakarta, Indonesia, from 18 to 20 November 2025. Accompanying the Chairperson were Commission Member Dr. Than Myint and Commission Office Director U Zay Yar Linn.

The Forum's related discussion event was held on 18 November, under the theme "SEANF Regional Conference on Human Rights in the Digital Space: Emerging Challenges and The Role of NHRIs." The event was attended by approximately 50 participants, including Chairpersons, Vice–Chairpersons, Commissioners, and staff members from the National Human Rights Institutions that are members of the Forum. In relation to the theme, MNHRC Chairperson U Paw Lwin Sein delivered a presentation titled "The Practical Application of the UN Guiding Principles on Business and Human Rights in the Activities of Technology Companies, Including Artificial Intelligence and Data Protection."

The Annual Meeting of the Forum took place on 19–20 November, with participation from around 30 delegates representing the National Human Rights Institutions of Indonesia, Malaysia, Myanmar, the Philippines, Thailand, and Timor–Leste. At the opening ceremony, Ms. Anis Hidayah, Chairperson of the Indonesian National Commission on Human Rights and the rotating Chair of SEANF for 2025, delivered opening remarks.

During the 22nd Annual Meeting, the Forum deliberated on:

The activities and progress made by member National Human Rights Institutions since the 21st Annual Meeting;

The implementation status of the five priority areas under the SEANF Strategic Plan (2022–2026), including updates from member institutions responsible for each priority area;

Matters related to the revision of SEANF's Rules of Procedure (RoP); and

Issues concerning the Forum's Communications Working Group and media communication guidelines.

At the Meeting, Commission Member Dr. Than Myint presented the MNHRC's human rights promotion, protection and development activities undertaken since the 21st Annual Meeting. Subsequently, Director U Zay Yar Linn discussed Myanmar's implementation efforts under Priority Area (2) of the SEANF Strategic Plan (2022–2026), titled "Promotion and Protection of Human Rights in Business."

At the conclusion of the 22nd Annual Meeting, the rotating Chairmanship of SEANF for 2026 was formally handed over by the Indonesian National Commission on Human Rights to the Human Rights Commission of Malaysia.

The delegation led by the MNHRC Chairperson returned to Yangon on 21 November, travelling via Myanmar International Airlines.

## Holding Meeting on the Rights of PWDs

November 25

Meeting on the rights of PWD was held on 25 November, 2025 at MNHRC office and attended by Chairman and Commissioness of the Commission, Staff of MNHRC office, representatives from department of social welfare, Kyimyinding Blind School, representatives from Myanmar Federation of PWDs, Mary Chapman School for the Deaf and Myanmar Christian Fellowship of the Blind. The attendees discussed about the rights of PWDs including the right to vote in General Election.

## MNHRC Delivers Lecture on Human Rights at Myanmar Army Combat Force School (Bahtoo)

November 26

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission office addressed the lectures on human rights at the Battalion Commander Training Courses No. (130, 131), hosted by the Myanmar Army Combat Force School (Bahtoo) on 26 November 2025 from 12:00 to 15:00 via Video Conferencing System. In this regard, the Commissioner presented the lecture on Concept of Human Rights, the Director covered lectures on the Universal Declaration of Human Rights, Nine Core Conventions, the Organization and Functions of Myanmar National Human Rights Commission. A total of 191 participants attended the aforementioned courses.

## Myanmar Army Combat Force School (Bayintnaung) Delivers Lecture on Human Rights

November 25

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, Dr. Myint Thu Myaing, the Commissioner and Daw Mi Mi Khaing, the Deputy Director of the Commission office, covered subjects such as human rights at the Company Commander Training Courses No. (113, 114), held at the Myanmar Army Combat Force School (Bayintnaung) on 25 November 2025 from 12:00 to 15:00 via Video Conferencing System. In this context, The Commissioner presented the lecture on Concept of Human Rights, the Deputy Director focused the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 200 participants attended the courses mentioned above.

## Myanmar Army Combat Force School (Bahtoo) Receives MNHRC Lecture on Human Rights

November 26

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Myint Thu Myaing, the Commissioner and Daw Mi Mi Khaing, the Deputy Director of the Commission office covered the lectures on human rights at the Company Commander Training Course No. (230), held at the Myanmar Army Combat Force School (Bahtoo) on 26 November 2025 from 12:00 to 15:00 via Video Conferencing System. In this context, the Commissioner

focused the lecture on Concept of Human Rights, the Deputy Director addressed the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 93 participants attended the course mentioned above.

## The Myanmar National Human Rights Commission, led by the Member of Commission U Kyaw Myint Inspected Prison, Police Lock-up and Home for the Aged

November 6

An inspection team led by the Commissioner of Myanmar National Human Rights Commission, U Kyaw Myint, conducted the inspection of Taungoo Prison, Taungoo Police Lock-up, and Ketumati Home for the Aged in Taungoo Township, Bago Region on 6 November 2025, in accordance with the Sections 43 and 44 of the Commission's Law.

During the inspection of Taungoo Prison, the inspection team met with prisoners and detainees in their dormitories and inquired into matters relating to their fundamental rights, including an adequate food supply, access to healthcare facilities, and the arrangement of providing medical treatment by specialist doctors from the Ministry of Health, and health talks, and referral to external hospitals for treatment depending on illness, and provision of sufficient purified drinking water and water for domestic use, the situation of allowing family visits, the receipt of items issued by the prison and those sent by family members, the provision of physical exercise and sport activities for health and fitness, the right to practice religion in accordance with their faith, and the provision of vicational trainings. In addition, the team acquired whether there were instances of human rights violations or torture by prison officials and fellow inmates. The inspection team also met with the family members who came to visit prisoners and asked whether they encountered any difficulties in meeting their relatives or in sending items to the prisoners. Moreover, the team conducted private and confidential interviews with (10) prisoners and detainees who requested to meet seperately and recorded their statements. They also followed up on the implementation status of previous recommendations and donated knowledgeable books for prisoner to read and study.

At Ketumati Home For the Aged, the inspection team met with elderly residents in their dormitories and examined the conditions of the provision of healthcare services, food and nutritional support, access to clean drinking and household water, freedom of religion and belief, and the overall hygiene and sanitation standards of dormitories, bathrooms, toilets, and kitchens. The team also inquired about arrangements for recreation and relaxation, the accessibility of pension payments for eligible residents, and the availability of social pension support for those aged 85 and above, and the arrangements made to ensure that all elderly voters would be able to cast their votes in the 2025 Multiparty Democracy General Election.

At Taungoo Police Lock-up, the MNHRC team inspected the conditions of detainees during the remand period, whether any torture occured during the investigation, and whether there were opportunities to meet with family members, as well as the arrangements for food provision during the court apperance period, the disposal of sewage, and the overall cleanliness of the facilities and whether the condition of access to meet with family members and legal assistance during the court apperance period, and the arrangements made to ensure that prisoners would not lose their right to vote in the 2025 Multiparty Democracy General Election.

The findings and recommendations from the inspection team's visits will be sent to the relevant departments in accordance with the Commission Law for neccessary actions.

## Attending the program on Voting awareness and practical use of the Myanmar Electronic Voting Machine for persons with Disabilities

November 13

U Aung Kaung Myat, Human Rights Office of Myanmar National Human Rights Commission Branch Office (Mandalay) was attended a pilot programme on voting awareness and practical use of Myanmar Electronic Voting Machine (MEVM) for persons with disabilities which was held on 13–11–2025 at Charity Comprehensive School for the Blind, Pyin Oo Lwin and on 21–11–2025 at Bhavathit Blind School, Meikhtila Township which was provided by Union Election Commission.

## Status of Handling Complaints

During November 2025, MNHRC received 23 Complaints. The complaint investigation team held 4 complaint screening meetings for examining the complaints and 1 complaint were referred to the departments concerned. In 4 cases, the complaints were advised on more appropriate remedies. The 12 cases were recorded in accordance with the MNHRC Law. 6 complaints remains in November.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ – ၈၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။
☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ – ၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။

e-government@mnhrc.org.mm